



Volume III, Issue 26 | 26 April 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား လက်ခံတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်( ၅ ) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး | ၇ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၁ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၁၄ |
| ၆ | ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံ့သန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများဆွေးနွေး | ၁၈ |
| ၈ | အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားကျင်းပ | ၁၉ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ | ၂၀ |
| ၁၀ | “ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာများ” ဖိုရမ် တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့သို့ ရောက်ရှိ | ၂၁ |
| ၁၁ | ၂၀၂၃ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများ စတင်ဖွင့်လှစ် | ၂၂ |
| ၁၂ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၂၆ |
| ၁၃ | ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ | ၂၇ |
| ၁၄ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းအား ဧပြီလ ၂၄ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်၍ အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းနှင့်အတူ သြစတြေးလျနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးဟောင်း H.E. Mr. KIM Bong-Hyun နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် The Elders အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု

- လက်ခံတွေ့ဆုံရာတွင် နှစ်ဖက်စလုံးမှ မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ်၍ အပြုသဘောဆောင်ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို ဧပြီလ ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်

- နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးနိုင်မည့် ပညာရေးဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း။
- ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကိုပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးပြီး နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာများ ဆက်လက်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။
- ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ယခုကဲ့သို့ ရည်မှန်းချက်များသာမက နယ်စပ်ဒေသမှ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ရွက်ပေးနိုင်မည့် ဒေသခံတိုင်းရင်းသားခေါင်းဆောင်ငယ်များ ပေါ်ပေါက်လာရေးရည်မှန်းပြီး လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့ရာ ယခုအခါသင်တန်းဆင်း စုစုပေါင်း ၁၄,၀၅၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် "**တိုင်းပြည်သာယာဝပြောရေး**"နှင့် "**စားရေရိက္ခာဖူလုံရေး**"၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်အဖြစ် "**စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမို**



**ကရေစီစနစ်ခိုင်မာရေး**"နှင့် "**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး**" တို့ကို ဦးတည်ချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

- နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စားရေရိက္ခာလုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခုပင် ဖြစ်ပါကြောင်း။
- မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း။
- ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့်အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို ဖော်ဆောင်မည့် ခေါင်းဆောင်များ ရွေးချယ်ခြင်းဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း။
- လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ယုံကြည်မှုရှိမည်ဖြစ်ပြီး ကောင်းမွန်သည့် နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာ မြင့်မားစေမည်ဖြစ်ကြောင်း။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်ကြောင်း။
- မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစုပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည်အောင် သင်ကြားပေးကြရန်လိုကြောင်း။
- ထိုသို့သင်ကြားရာတွင် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ယဉ်ကျေးမှုများကို ထိခိုက်ပျက်စီးမှုမရှိအောင်နှင့် ထိန်းသိမ်းကာကွယ်လိုစိတ်ရှိအောင် သင်ကြားပေးရမည်လည်းဖြစ်သည့်အပြင် လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများကို စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ၏ သဘောသဘာဝနှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းတွေကိုသာ သင်ကြားပေးရမည်ဖြစ်ကြောင်း။
- ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၇)ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်အဖွဲ့(၃)ဖွဲ့ စုစုပေါင်း(၁၀)ဖွဲ့၏ ကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးနေရာတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့်ရလဒ်များ ရရှိနေပြီဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်တစ်ခုမှမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုထားသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။
- နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင်မြင့်တင်ကြရမည်ဖြစ်သကဲ့



သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

- စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန်လိုကြောင်း။
- မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အထူးအရေးကြီးကြောင်း။
- လွတ်လပ်ရေးရယူခဲ့စဉ်ကလည်း ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံးကို စုစည်းမှုကိုသက်သေပြပြီး ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။
- ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်က အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း။
- ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်းနေတစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားသားချင်းများဆိုသည့် စိတ်၊ မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသော မိသားစုများဆိုသည့် စိတ်ပင်ဖြစ်ကြောင်း။
- မောင်တို့၊ မယ်တို့အနေဖြင့် နိုင်ငံတော်က မျှော်လင့်အားထားပြီး ပြုစုပျိုးထောင်ပေးထားသည့် သားသမီးများပီသစွာ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိပြီး မိမိတို့တာဝန်ကျရာဒေသများတွင်ရှိသည့် ကျောင်းသားလူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများ ဖြစ်လာအောင်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်လာအောင်၊ ဒေသအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်းယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာတရားများကို အပြန်အလှန် လေးစားတန်ဖိုးထားပြီး လောကကောင်းကျိုး သယ်ပိုးလိုသူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၃)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု

- ရွေးကောက်ပွဲသည် တိုင်းပြည်၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်သည့်အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို ဖော်ဆောင်မည့် ခေါင်းဆောင်များ ရွေးချယ်ခြင်းဖြစ်သဖြင့် အလွန်အရေးကြီး။
- လွတ်လပ်ပြီးတရားမျှတမှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ယုံကြည်မှုရှိမည် ဖြစ်ပြီး ကောင်းမွန်သည့် နိုင်ငံရေးသမိုင်းကို ပုံဖော်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းတွင်လည်း မိမိတို့နိုင်ငံ၏ဂုဏ်သိက္ခာ မြင့်မားစေမည်ဖြစ်။
- မောင်တို့၊ မယ်တို့သည် ပညာသင်ကြားရေးတာဝန်ယူရမည့် ဆရာ၊ ဆရာမများဖြစ်သဖြင့် မိမိတို့သင်ကြားပြုစု ပျိုးထောင်ပေးရမည့် လူငယ်များကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ပုံစံများ သိရှိနားလည် အောင် သင်ကြား ပေးကြရန်လို။
- နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိက ဖြစ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင်မြှင့်တင်ကြရမည် ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။
- လွတ်လပ်ရေးရယူခဲ့စဉ်ကလည်း ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံးကို စုစည်းမှုကိုသက်သေပြပြီး ရယူ နိုင်ခဲ့ခြင်းဖြစ်။
- ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း ပြည် ထောင်စုစိတ်ဓာတ်က အခြေခံအုတ်မြစ်ပင်ဖြစ်။
- ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်း နေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများ ဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားသားချင်းများ ဆိုသည့်စိတ်၊ မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင် ကြသော မိသားစုများဆိုသည့် စိတ်ပင်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၂၅ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပြီးစီးမှု၊ တံခွန်တိုင်တည်ဆောက်နေမှု၊ ဂန္ဓကုဋီတိုက်များ တည်ဆောက်ပြီးစီးမှု၊ သမ္ဗောဇရုပ်များတည်ဆောက်ပြီးစီးမှု၊ ရေပန်းရင်ပြင် တည်ဆောက်ပြီးစီးမှု၊ အဝင်မုခ်ဦးများ တည်ဆောက်ပြီးစီးမှု၊ ကျောက်စာရုံစေတီတော်များတည်ဆောက်ပြီးစီးမှု၊ မုစလိန္ဒအိုင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနိကအဆောက်အဦများစွာကို ထည့်သွင်းတည်ဆောက်လျက်ရှိသည့်အပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့။
- “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်။
- ယခုအခါ သာသနိကအဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ညချမ်းအချိန်အခါများတွင် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားသည့် မှတ်တမ်းဓာတ်ပုံများ











# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ဧပြီလ ၂၅ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- ယခုသွားရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီး တစ်ရပ်ဖြစ်ကြောင်း။
- အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်အားကစားပြိုင်ပွဲဖြစ်ပြီး ယခုပြိုင်ပွဲမှာတင်ကျေနပ်မနေဘဲ အာရှအိုလံပစ်၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ မျှော်မှန်းကြိုးပမ်းသွားကြစေလိုကြောင်း။
- အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်ကြောင်း။
- အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအားလုံး သတိချပ်ကြစေလိုကြောင်း။
- အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း။
- "**အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်**" ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။
- အားကစားထူးချွန်သည့် လူငယ်များကိုယခုကဲ့သို့ နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားလူငယ်မောင်မယ်တို့၏ ကြိုးပမ်းမှု၊ အောင်မြင်မှုများသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ



ကိုမြင့်မားစေပြီး မိမိတို့တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာစေမည်ဖြစ်ကြောင်း။

- နိုင်ငံတော်အနေဖြင့်ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဂုဏ်ပြုဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကိုလည်း အသက် (၆၀) ပြည့်မြောက်တဲ့အချိန်ကစပြီး သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့အထိ အားကစားသမားကြီး (၂၃၀)ကို လစဉ်ကျပ်တစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတိတိ ထောက်ပံ့ပေးလျက်ရှိကြောင်း။
- ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများထဲက ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦးနှင့် လူမှုထူးချွန်တတိယအဆင့် ၆၉ ဦးတို့ကို ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။
- ကျန်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူ အခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။
- ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်ခြင်းကြောင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။
- ယခု (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံတော်သည် မောင်တို့မယ်တို့ အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။
- မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာပြုမူကျင့်ကြံ နေထိုင်ယှဉ်ပြိုင်ခဲ့ကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း

မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်နှင့် ဆုတံဆိပ်များနှင့် ပြန်လာမည့်အားကစားအဖွဲ့ကို မျှော်လင့်စောင့်ကြိုနေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းခဲ့ပြီးနောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲဝင် လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့်နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမား ၃၄၁ ဦးသည် အားကစားနည်း ၁၉ နည်း၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**

- **အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဖွံ့၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်။**
- **အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများအားလုံး သတိချပ်ကြစေလို။**
- **နိုင်ငံတော်အနေဖြင့်ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဂုဏ်ပြုဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကိုလည်း အသက် (၆၀) ပြည့်မြောက်တဲ့အချိန်ကစပြီး သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့အထိ အားကစားသမားကြီး (၂၃၀) ကို လစဉ်ကျပ်တစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတိတိ ထောက်ပံ့ပေးလျက်ရှိ။**
- **ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်ခြင်းကြောင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဖွံ့၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလို။**
- **(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံတော်သည် မောင်တို့မယ်တို့ အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည်ဆိုသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခမ်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလို။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြိုင်ပွဲဝင်လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၅ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပထမဆုံး





အကြိမ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ မေလဆန်းပိုင်းတွင် နေပြည်တော်၌ကျင်းပရန် စီမံထားရှိပါကြောင်း။

- ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာညီလာခံများနည်းတူ Keynote Address များ၊ Panel Discussion များ ပါဝင်မည်ဖြစ်ကြောင်း၊ အလားတူ Parallel Session နှင့်အတူ Themes, Sub-themes၊ Presentation ၊ အမေးအဖြေနှင့် အကြံပြုချက်ကဏ္ဍများပါဝင်မည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဆွေးနွေးပွဲကို "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကောင်းမွန်စေရေး" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း။
- ပညာရေးကဏ္ဍအတွက်ခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၁ - ၂၀၂၂ခုနှစ် (၆) လ ဘတ်ဂျက် BE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့်ခွင့်ပြုပေးထားခဲ့ကြောင်း။
- BE ၏ GDP ကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် RE ၏ GDP အချိုးကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၂၂ - ၂၀၂၃ ခုနှစ်ကို ပြန်ကြည့်မည်ဆိုပါက BE တွင် ခွင့်ပြုငွေကျပ် သန်းပေါင်း ၂၁ သိန်းကျော်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၂၂ သိန်းကျော် တိုးမြှင့်ပေးခဲ့ကြောင်း။
- မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) တွင် ရည်ရွယ်ချက်များ၊ ဆွေးနွေးရမည့်ခေါင်းစဉ်များ၊ ဆွေးနွေးရမည့်အချက်အလက်များကို ချမှတ်ပေးထားကြောင်း။
- ပထမအချက်အနေဖြင့် ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းရှာရန်ဖြစ်ကြောင်း။
- ဒုတိယအချက်မှာ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးက ဆောင်ရွက်ရန်ဖြစ်ကြောင်း။
- တတိယအချက်သည် အသက်မွေးဝမ်းကျောင်းအခြေခံရရှိရေးအတွက် Grade 10, Grade 11, Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားရန်ဖြစ်ကြောင်း။
- စတုတ္ထအချက်သည် လုပ်ငန်းခွင်လက်တွေ့အသုံးကျမည့်ပညာရပ်၊ ကျွမ်းကျင်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများတွင် ထိရောက်စွာ သင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ဖြစ်ကြောင်း။
- ပဉ္စမအချက်သည် အဆင့်မြင့်ပညာကိုဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်းအထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရန်ဖြစ်ကြောင်း။
- ဆဋ္ဌမအချက်သည် ဝိဇ္ဇာ၊ သိပ္ပံ နည်းပညာရှင်များ မွေးထုတ်ရန်တို့အပြင် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိလာစေရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကိုထည့်သွင်းအဖြေရှာကြရန်ချမှတ်ပေးထားကြောင်း။
- ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်၌ မြန်မာ့ပညာရေးတိုးတက် မြင့်မားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်း

ထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း။

- ထိုသို့အောင်မြင်ကောင်းမွန်စေရန် ယခုကဲ့သို့ပညာရေးညီလာခံကြီးကိုလည်း ကျင်းပခြင်းဖြစ်ကြောင်းနှင့် အားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၁၃)**

- **မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၁၃) ဆွေးနွေးပွဲကို "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးကောင်းမွန်စေရေး" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်။**
- **ပညာရေးကဏ္ဍအတွက်ခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၁၁ - ၂၀၁၂ခုနှစ် (၆) လဘတ်ဂျက် BE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်း ကျော်ခန့်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့်ခွင့်ပြုပေးခဲ့။**
- **BE ၏ GDP ကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် RE ၏ GDP အချိုး ကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့၊ ၂၀၁၂ - ၂၀၁၃ ခုနှစ်ကို ပြန်ကြည့်မည်ဆိုပါက BE တွင် ခွင့်ပြုငွေကျပ် သန်းပေါင်း ၂၁ သိန်းကျော်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၂၂သိန်းကျော် တိုးမြှင့်ပေးခဲ့။**
- **ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်၌ မြန်မာ့ပညာရေးတိုးတက် မြင့်မားစေရန် နည်းလမ်းအမျိုးမျိုးဖြင့်စီမံဆောင်ရွက်ခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံ၏တာဝန်ကိုပခုံးပြောင်း ထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်။**

## ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၄ ရက်တွင် နေပြည်တော်ရှိ Jasmine Hotel ၌ လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၁၃)**



ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု



ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံနေမှု

- လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုပြီး ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများဆွေးနွေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ ပါသည်။

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- **စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာ- ရုရှား နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍ၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ စွမ်းအင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးကိစ္စများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**



စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု

# အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Tang Renjian ၏ ဖိတ်ကြားချက်အရ အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၄ ရက်တွင် ရန်ကုန်မြို့မှ ပေကျင်းမြို့သို့ ထွက်ခွာခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများတို့သည် ဧပြီလ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Ma Youxiang ဦးဆောင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Kempinski Hotel Beijing Yansha Center ၌ ကျင်းပသည့် အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာ ဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတက်ရောက်စဉ် အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တွေ့ဆုံနှုတ်ဆက်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ထင်ရှားသည့်အမှတ်အသားများကို သဲပန်းချီဖြင့် ရေးဆွဲသရုပ်ဖော်ခြင်းတို့ကို ဆောင်ရွက်ကြပြီးနောက် အခမ်းအနားအစီအစဉ်အရ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်လေးများက ကဗျာရွတ်ဆိုခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဧည့်သည်တော်များက အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားကို တရားဝင်ဖွင့်လှစ်ကြောင်းကြေညာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)




- ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။
- မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ ကျင်းပသည့် အာဆီယံ-တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဧပြီလ ၂၄ ရက်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး (IFRC Regional Director for Asia-Pacific Region) Mr. Alexander James Matheou၊ IFRC ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms. Nadia Christine KHOURY (Head of Delegation, IFRC) နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးညွှန့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ကို ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်နေသည့်ကိစ္စ၊ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် အိမ်ထောင်စုများ၊ ပြည်သူများအား ခွဲခြားမှုမရှိဘဲ အကူအညီများ ပေးအပ်နိုင်ရေးနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများ၌ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူများနှင့်အညီ နိုင်ငံ၏ အကျိုးစီးပွားအား ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတွင် အကူအညီပေးရေးကိစ္စနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၃)**



- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံရာတွင် သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံစားရသည့် အိမ်ထောင်စုများ၊ ပြည်သူများအား ခွဲခြားမှုမရှိဘဲ အကူအညီများပေးအပ်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့။**

## “ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာများ” ဖိုရမ်တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့သို့ ရောက်ရှိ

“ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာများ” ဖိုရမ်သို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၂ ရက်တွင် မော်စကိုမြို့သို့ ရောက်ရှိခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အကျိုးအမြတ်မယူသောကဏ္ဍမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် ပညာရှင်အသိုက်အဝန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်သူနှင့် ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာအဖွဲ့ဝင်များ ပါဝင်ကြပါသည်။

ဖိုရမ်၏ရည်ရွယ်ချက်မှာ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား လူသားချင်းစာနာမှု၊ စီးပွားရေးနှင့် လူမှုရေး-နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံနှင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကို ရင်းနှီးစေရန်ဖြစ်ပါသည်။ အဆိုပါဖိုရမ်ကို မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့၌ ဧပြီလ ၂၂ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်နှင့်အစိုးရအဖွဲ့အစည်းများထံ သွားရောက်ကာ ပညာရပ်ဆိုင်ရာနှင့် ကျွမ်းကျင်သူအစည်းအဝေးများပြုလုပ်ရန် စီစဉ်ထားပါသည်။

ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌများဖြစ်သော Mr.Alexander Ostrovsky နှင့် Mr.Vitaly Solonetskiy တို့က ဧပြီလ ၂၂ ရက်က မော်စကိုမြို့၌ ရောက်ရှိနေကြသည့် ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်ခဲ့ပြီးနောက် ရုရှားမြို့တော်ဗဟိုတွင် ကိုယ်စားလှယ်အဖွဲ့ဝင်များအတွက် ယဉ်ကျေးမှုအစီအစဉ်တစ်ရပ်ကို စီစဉ်ကျင်းပခဲ့ရာ တက်ရောက်လာသူများက မော်စကိုမြို့၏ အဓိကရှုခင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းတပ်မတော်၏ ယဉ်ကျေးမှုနှင့် အပန်းဖြေစခန်း မျိုးချစ်တပ်မတော် Patriot Military Patriotic Park သို့ မြန်မာနိုင်ငံမှ ဧည့်သည်တော်များ သွားရောက်လည်ပတ်ခဲ့ကြပါသည်။

အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထားသော ရုရှားဖက်ဒရေးရှင်းစစ်တပ်၏ ပြတိုက်နှင့် ဘုရားကျောင်းပြတိုက်သို့ ကိုယ်စားလှယ်အဖွဲ့ဝင်များက သွားရောက်လည်ပတ်ခဲ့ကြပြီး မြန်မာ့ဌေးသည်များသည် ယူကရိန်းတွင် ပြုလုပ်နေသည့် အထူးစစ်ဆင်ရေးအတွက် ရည်ရွယ်ထားသည့် "ပြောက်ကျားရွာ" နှင့် ပြတိုက်ပြသမှုကို ပြသခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၃)**

- **"ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာများ" ဖိုရမ်သို့ တက်ရောက်မည့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၂ ရက်တွင် မော်စကိုမြို့သို့ ရောက်ရှိခဲ့။**
- **ဖိုရမ်၏ရည်ရွယ်ချက်မှာ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား လူသားချင်းစာနာမှု၊ စီးပွားရေးနှင့် လူမှုရေး-နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံနှင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကို ရင်းနှီးစေရန်ဖြစ်။**
- **ဖိုရမ်ကို ဧပြီလ ၂၂ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်နှင့် အစိုးရအဖွဲ့အစည်းများထံ သွားရောက်ကာ ပညာရပ်ဆိုင်ရာနှင့် ကျွမ်းကျင်သူအစည်းအဝေးများပြုလုပ်ရန် စီစဉ်ထား။**

## ၂၀၂၃ ခုနှစ်၊ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများ စတင်ဖွင့်လှစ်



ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီလ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ကြသည်။



**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားတစ်ဦးအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်နေမှု**

ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အရေးပါကြောင်း လူငယ်များ သိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့်အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် တပ်မတော်(ရေ)က ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များအတွက် ရေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၃)တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ ရေကြောင်းလူငယ်စခန်းများ၌ ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် တစ်ချိန်တည်း ဖွင့်လှစ်ခဲ့ရာ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၇၁၂ ဦးတို့ဖြင့် အသီးသီးဖွင့်လှစ်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြပါသည်။

အလားတူ လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် တပ်မတော်(လေ)က ကျောင်းသား၊ ကျောင်းသူလူငယ် မောင်မယ်များအတွက် ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) အမှတ်စဉ်(၁/၂၀၂၃)ကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ အင်အား ၆၈၀ ဦးဖြင့် အသီးသီး ဖွင့်လှစ်ကြပြီး ဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူနေမှု



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု

- ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီလ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက အခြေခံရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုနေမှု




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက အခြေခံလေကြောင်းလူငယ်သင်တန်း သင်ထောက်ကူပြခန်းအား လိုက်လံကြည့်ရှုနေမှု



ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် ရေကြောင်းလူငယ် တန်းမြင့်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းပို့ချပေးနေမှု

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ဖေဖော်ဝါရီလထက် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၉၇,၀၁၀ ဖိုးနှင့် ရေထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇၁,၇၂၆ ဒေါ်လာ ပိုမိုတင်ပို့နိုင်ခဲ့။
- မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ မတ်လလျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ သန်းဖြစ်ပြီး အမှန်တကယ်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၁.၁၃၈ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၂ သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့။
- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်တာကာလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏအနေဖြင့် ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၇၈.၉၅၄ သန်းနှင့် သွင်းကုန်မှ အမေရိကန်ဒေါ်လာ ၄၂.၄၉ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၁.၄၄၄ သန်းရရှိထား။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ၂၃၀,၈၇၈.၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂.၃၄၄ သန်းရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန်ချိန် ၁၄,၉၂၉.၉၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၁.၅၃၆ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန်ချိန် ၁,၁၂၀.၈၁၈ တန်တင်ပို့ပြီး အမေရိကန် ဒေါ်လာ ၅.၁၁၁ သန်းရရှိသည့်အတွက် စုစုပေါင်း ပုစွန်မက်ထရစ်တန်ချိန် ၁၆,၀၅၀.၇၆၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၆.၆၄၇ သန်းရရှိခဲ့။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်တာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၉၂.၆၂၄ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၁၄၉.၃၉၈ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရှိပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၀၇.၂၇၈ သန်း ပိုမိုခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၄-၂၀၂၃)**

- **စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ဖေဖော်ဝါရီလထက် လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၉၇,၀၁၀ ဖိုးနှင့် ရေထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁၇၁,၇၂၆ ဒေါ်လာ ပိုမိုတင်ပို့နိုင်ခဲ့။**
- **မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၁.၁၃၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ပိုမိုဆောင်ရွက်နိုင်ခဲ့။**
- **၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်တာကာလအတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၁.၄၄၄ သန်းရရှိထား။**
- **၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်တာကာလအတွင်း မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရှိပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၀၇.၂၇၈ သန်း ပိုမိုခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ၂၃၀,၈၇၈.၀၈၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၆၂.၃၄၄ သန်းရရှိခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပုစွန်မက်ထရစ်တန်ချိန် ၁၆,၀၅၀.၇၆၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၅၆.၆၄၇ သန်းရရှိခဲ့။**

---

## ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် တရားဥပဒေစိုးမိုးမှု လျော့နည်းစေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ ဧပြီလ ၁၉ ရက်တွင် သန်လျင်မြို့နယ်၊ ပေါက်တောကျေးရွာအနီးပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေရှင်းလင်းခဲ့ရာ ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ရီထွေးအား AK-47 ၁ လက်၊ Type-056 ၁ လက်၊ Glock-19 ၁ လက်၊ ကျည်အိမ်မျိုးစုံ ၅ ခု၊ ၇.၆၂ ကျည် ၆၈ တောင့်၊ ၉ မမ ကျည် ၃၆၉ တောင့်၊ ပွိုင့်-၃၈၀ ကျည် ၁၅ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိ တရားခံ ရီထွေး၏ ထွက်ဆိုချက်နှင့် စိစစ်ဖော်ထုတ်ချက်အရ-

- မရမ်းကုန်းမြို့နယ်၌ တရားခံ ၃ ဦးနှင့် ဒေါပုံမြို့နယ်၌ တရားခံ ၃ ဦးတို့အား ဖမ်းဆီးရမိခဲ့။
- ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့၌ သိုဝှက်မြှုပ်နှံထားသော BA-63 ၂ လက်၊ ကျည်အိမ် ၂ ခု၊ ပွိုင့်-၃၈၀ ပစ္စတို ၁ လက်၊ Beretta ပစ္စတို ၁ လက်၊ M-4 ကာဘိုင် ၂ လက်၊ M-22 ၁ လက်၊ ပွိုင့်-၃၀ ကာဘိုင် ၁ လက်၊ ၄၀ မမ ဖုံးပစ်လောင်ချာ ၁ လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် ၁ လက်၊ M-16 ၂ လက်၊ M4A1 ၁ လက်၊ ၁၂ ဗို့ ၁ လက်၊ ၄၀ မမ လက်လုပ်ဖုံးပစ်လောင်ချာ ၁ လက်၊ ပွိုင့်-၃၈၀ ကျည် ၃၃ တောင့်၊ ၉ မမကျည် ၇၆ တောင့်၊ ပွိုင့်-၃၀ ကျည် ၂၅ တောင့်၊ ၅.၅၆ ကျည် ၆၀၀ တောင့်၊ ၇.၆၂ ကျည် ၄၂၁ တောင့်၊ ၄၀ မမ ဖုံးသီး ၂၄ လုံး၊ ပစ္စတိုကျည်အိမ် ၂ ခု၊ ပွိုင့်-၃၀ ကာဘိုင်ကျည်အိမ်(အရှည်/အတို) ၂ ခု၊ M-4 ကာဘိုင်ကျည်အိမ် ၅ ခု၊ M-22 ကျည်အိမ် ၅ ခု၊ လက်လုပ်လက်ပစ်ဗုံး ၆ လုံး၊ ၁၂ ဗို့ကျည် ၄၀ တောင့်၊ စနိုက်ပါကျည်အိမ် ၁ ခု၊ M-22 ကျည်အိမ် ၁ ခု၊ M-16 ကျည်အိမ် ၃ ခု၊ ၁၂ ဗို့ကျည်အိမ် ၂



**သန်လျင်မြို့နယ်၊ ပေါက်တောကျေးရွာတွင် တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ**

ခု၊ M4A1 ကျည်အိမ် ၂ ခု တို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့။

- ဖမ်းဆီးရမိတရားခံ ထက်ရဲလင်း(ခ)အေးမောင်သည် ၂၀၂၁ ခုနှစ်၊ မတ်လ(နောက်ဆုံးပတ်)တွင် ဖမ်းဆီးရန်ကျန် တရားခံ ထွန်းထွန်းဝင်း (ခ) မီးပွား၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေ ဖလူးလေးစခန်း၌ အကြမ်းဖက်သင်တန်းအား ၁၄ ရက်နှင့် KNLA တပ်မဟာ(၅)နယ်မြေ နတ်ကြီးကျေးရွာအနီးရှိစခန်း၌ အကြမ်းဖက်သင်တန်းအား ၁၅ ရက် တက်ရောက်ခဲ့ကြောင်း။

- ဖမ်းဆီးရမိတရားခံ ကျော်မင်းထက် (ခ) စာကလေးသည် ၂၀၂၂ ခုနှစ်၊ မေလခန့်တွင် KNLA တပ်မဟာ(၁)၊ ရင်း(၃) ၌ အကြမ်းဖက်သင်တန်း ၂၁ ရက်အား လည်းကောင်း၊ ဖမ်းဆီးရမိတရားခံ အောင်မျိုးလွင် (ခ) DK (ခ) ဖော်ကြီးသားသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလခန့်တွင် အကြမ်းဖက်သင်တန်း ၁ လအား လည်းကောင်း၊ ဖမ်းဆီးရမိတရားခံ မိုးပြည့်စုံကျော် (ခ) ဒေဝ(ခ) မုတ်ကြီးသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလခန့်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက်အားလည်းကောင်း၊ စိုးထက်အောင် (ခ) သာလိကာသည် ဧပြီလခန့်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက်အားလည်းကောင်း၊ သန့်ဇင်ဦး (ခ) ဗိုက်ကလေးသည် ဇွန်လခန့်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက်အားလည်းကောင်း KNLA တပ်မဟာ(၁) နယ်မြေ ပိန္နဲကုန်းကျေးရွာအနီးရှိ ခရမ်း PDF အမည်ခံ အကြမ်းဖက်စခန်း၌ အသီးသီးတက်ရောက်ခဲ့ကြောင်း။

- ၂၀၂၁ ခုနှစ်၊ မေလ ၁၅ ရက်တွင် ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းဝင်း (ခ) မီးပွားမှခေါင်းဆောင်၍ ခရမ်းမြို့နယ်အတွင်း၌ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ရန်ဖွဲ့စည်းခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ထွန်းထွန်းဝင်း (ခ) မီးပွား၏ခိုင်းစေမှုဖြင့် ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းတို့၌ အကြမ်းဖက်သတ်ဖြတ်မှု ၃ ကြိမ်နှင့် ပစ်ခတ်တိုက်ခိုက်မှု ၁၅ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

- ၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် အပြစ်မဲ့ပြည်သူ ဦးမြင့်စိုးအားလည်းကောင်း၊ နိုဝင်ဘာလ ၁၂ ရက်တွင် အပြစ်မဲ့ပြည်သူ ဦးဝင်းနိုင်အားလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် အပြစ်မဲ့ပြည်သူ ဦးမျိုးဇော်ဦးအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ခရမ်းမြို့နယ်၊ ကရင်ကန်စစ်ဆေး ရေးဂိတ်နှင့် မြို့နယ်အားကစားခန်းမတို့အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

- ဒီဇင်ဘာလခန့်တွင် ခရမ်းမြို့နယ်၊ ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား ၄၀ မမ လက်လုပ်ဖုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း။

- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ(ဒုတိယပတ်)တွင် ဘုရားပျိုကျေးရွာရှိ ရဲကင်းစခန်းအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ဖေဖော်ဝါရီလ ၂၈ ရက်တွင် ခရမ်းမြို့နယ်၊ ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဖိုးပစ်လောင်ချာဖြင့် ဒုတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် ယင်းနေ့၌ပင် နယ်မြေရှင်းလင်းရန် ထွက်ခွာလာသည့် လုံခြုံရေးယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း။
- မတ်လ(ဒုတိယပတ်)တွင် ဘုရားပျိုကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဖိုးပစ်လောင်ချာဖြင့် ဒုတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- မတ်လ(နောက်ဆုံးပတ်)တွင် သုံးခွမြို့မရဲစခန်းအား M-79 ဖိုးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ဧပြီလ(ပထမပတ်)တွင် ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဖိုးပစ်လောင်ချာဖြင့် တတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ဧပြီလ(ဒုတိယပတ်)တွင် ခရမ်းမြို့နယ်၊ ဖွဲ့တွန်စစ်ဆေးရေးဂိတ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- အောက်တိုဘာလ ၇ ရက်တွင် ခရမ်းမြို့နယ်၊ သစ်တောရုံးရှေ့ရှိ လုံခြုံရေးကင်းတဲအား ၄၀ မမ လက်လုပ်ဖိုးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- နိုဝင်ဘာလခန့်တွင် ခရမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့မရဲစခန်းနှင့် သစ်တောရုံးတို့အား M-79 ဖိုးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- နိုဝင်ဘာလ(နောက်ဆုံးပတ်)တွင် သုံးခွမြို့နယ်၊ ကတုံးပေါ်ကျေးရွာနယ်မြေရဲစခန်းအား ၄၀ မမ လက်လုပ်ဖိုးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် သုံးခွမြို့နယ်၊ ကတုံးပေါ်ကျေးရွာရှိ နယ်မြေရဲစခန်းအား လက်နက်ငယ်များဖြင့် ဒုတိယအကြိမ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။
- ဧပြီလ(ပထမပတ်)တွင် ခရမ်းမြို့နယ်၊ ကရင်ကန်ကျေးရွာရှိ စစ်ဆေးရေးဂိတ်နှင့် ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းတို့အား M-79 ဖိုးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ဧပြီလ ၁၄ ရက်တွင် ခရမ်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရှေ့ရှိ ရဲကင်းအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ဖမ်းဆီးရန်ကျန်တရားခံ ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင် ထွန်းထွန်းဝင်း (ခ) မီးပွားမှ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် လစဉ် ၁ လလျှင် ၁ သိန်းနှုန်းထောက်ပံ့ပေးခဲ့ပြီး လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ပြီးစီးသည့်အခါများတွင် ငွေကျပ် ၂ သိန်းမှ ၃ သိန်းအထိ ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် မြို့ရွာများအမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**

- **ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံ ၇ ဦးအား လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ်မျိုးစုံ ၃၀ ခု၊ ကျည်မျိုးစုံ ၁,၆၀၇ တောင့်၊ ၄၀ မမ ဖိုးသီး ၂၄ လုံး၊ လက်လုပ်လက်ပစ်ဖိုး ၆ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့။**
- **ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ထွန်းထွန်းဝင်း (ခ) မီးပွား၏ခိုင်းစေမှုဖြင့် ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းတို့၌ အကြမ်းဖက်သတ်ဖြတ်မှု ၃ ကြိမ်နှင့် ပစ်ခတ်တိုက်ခိုက်မှု ၁၅ ကြိမ် ဆောင်ရွက်ခဲ့။**

# ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား



ရီထွေး



ထက်ရဲလင်း(ခ)အေးမောင်



စိုးထက်အောင်(ခ)သာလိကာ



ကျော်မင်းထက်(ခ)စာကလေး



မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး



အောင်မျိုးလွင်(ခ)DK(ခ)ဇော်ကြီးသား



သန့်ဇင်ဦး(ခ)ဗိုက်ကလေး



ခရမ်းမြို့နယ်၊ မကျည်းကုန်းကျေးရွာနှင့် သုံးခွမြို့နယ်၊ ဆည်ကြီးကုန်းကျေးရွာကြားရှိ လယ်ကွင်းနှင့် ခရမ်းမြို့နယ်၊ ညောင်ပင်ကျေးရွာနှင့် အလယ်ကျေးရွာကြားရှိ လယ်ကွင်းတို့၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ



ခရမ်းမြို့နယ်၊ ကန်သာကျေးရွာအနောက်ဘက်ရှိ ကောက်ရိုးပုံအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ

## ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက် အဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ



ခရမ်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ မြို့လှကုန်းလမ်းဆုံအနီး၊ ရွာမလမ်း၌ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် ဦးမြင့်စိုး(သေဆုံး)



ခရမ်းမြို့နယ်၊ ငွေးပင်ချောင်းကျေးရွာကြား၌ အကြမ်းဖက်သူများမှ သတ်ဖြတ်ခဲ့သည့် ဦးဝင်းနိုင်(သေဆုံး)



ခရမ်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကံဘဲ့အပိုင်း၌ အကြမ်းဖက်သမားများ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် ဦးမျိုးဇော်ဦး(သေဆုံး)



ခရမ်းမြို့နယ်၊ ကရင်ကန်စစ်ဆေးရေးဂိတ်၌ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ရဲတပ်သား သူရဇော်




ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာအနီး လုံခြုံရေးယာဉ်အား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် သေဆုံးခဲ့ရသည့် ရဲတပ်သား ဝေယံကျော်



ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာအနီး လုံခြုံရေးယာဉ်အား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် သေဆုံးခဲ့ရသည့် ရဲတပ်သား တင်ကိုကို

## ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက် အဖွဲ့ဝင်များ ကျူးလွန်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ




သုံးခွမြို့နယ်၊ ကတုံးပေါ်နယ်မြေရဲစခန်းအား အကြမ်းဖက်သူများမှ လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးနေမှု



ခရမ်းမြို့နယ်၊ သစ်တောစုပေါင်းဂိတ်၊ မြို့နယ်အားကစားရုံနှင့် မစဖရုံးများသို့ အကြမ်းဖက်သူများမှ ၄၀ မမဖုံးသီးဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးနေမှု





ခရမ်းမြို့နယ်၊ ကျုံတူးကျေးရွာအနီး လုံခြုံရေးယာဉ်အား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သည့် ရဲတသ ဝေဖြိုးအောင်နှင့် ရဲဒုတက နိုင်မိုးဝင်း

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဧပြီလ ၁၉ ရက်မှ ၂၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦးနှင့် မွန်ပြည်နယ်၌ ၂ ဦးနှင့် ကရင်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၂၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်ထိ စုစုပေါင်း ၁,၃၈၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၄-၂၀၂၃)**

- **ဧပြီလ ၁၉ ရက်မှ ၂၅ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁၁ ဦး၊ မန္တလေးတိုင်း ဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦးနှင့် မွန်ပြည်နယ်၌ ၂ ဦးနှင့် ကရင်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၂၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်ထိ စုစုပေါင်း ၁,၃၈၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**